ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -13/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မားခရော်ရှေ့ ကျေးရွာနှင့် လောကျေခူရွာသစ်ကျေးရွာ အကြား၌ ကရင်နီဒေသခံ ကာကွယ်ရေး ပူးပေါင်း တပ်ဖွဲ့တို့မှ စစ်ကြောင်းထိုးလာသည့် စကစ တပ်ကိုတိုက်ခိုက်ခဲ့ရာ စကစ တပ်သား ၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကလေးမြို့၊ အနောက်ဘက် ပြည်တော်သာ လမ်းနှင့် အနောက်ဘက် ဝန်ထမ်းအိမ်ယာအနီးတို့တွင် စကစ တပ်သားများ နှင့် ကလေးခရိုင် PDF တပ်ရင်းတို့ ထိတွေ့တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာတွင် တပ်စွဲထားသည့် စကစ တပ်သားများနှင့် ပျူစောထီးများအား ရွှေဘိုမြို့နယ်၊ ပကဖ တပ်ပေါင်းစု (၂)၊ မဟာမိတ်အဖွဲ့များမှ Drone ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား၊ ပျူစောထီး (၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာရှိ စကစ တပ်သားများကို မုံရွာခရိုင်၊ ပြည်သူ့ကာကွယ်ရေးတပ်ရင်း (၂)၊ (၃)၊ (၄)၊ Chindwin Attack Force ၊ ယင်းမာပင်ခရိုင် PDF တပ်ရင်း တို့နှင့် မဟာမိတ်အဖွဲ့များပူးပေါင်း၍ တိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၅) ဦး သေဆုံးခဲ့သည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ပခုက္ကူမြို့၊ မြို့သစ်လမ်းပိုင်း၌ ပျူစောထီးအဖွဲ့ နှင့် PKU N PDF၊ Southern YSO PDF ၊ KING COBRA PDF တို့ပူးပေါင်းတိုက်ခိုက်ခဲ့၍ ပျူစောထီး ၃ ဦး သေဆုံးသွားခဲ့သည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ တံစူးရွာ၌မီးရှို့၍ ချီတက်လာသည့် စကစ တပ်သားများအား တောင်ပိုင်းပြောက်ကျားတပ်ဖွဲ့ (SPGF) နှင့် ယောဒေသ ကာကွယ်ရေးတပ်ဖွဲ့ (YDF) တို့မှပူးပေါင်းတိုက်ခိုက်ခဲ့ရာ စကစဘက်မှ ၁၀ ဦး သေဆုံးခဲ့သည်။

မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။

ရန်ကုန်တိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်နှင့် သဏ္ဍလမြို့နယ်ကြားတွင်ရှိသော ဖွဲ့တွန်စစ်ဆေးရေးဂိတ်၌ ခရမ်းမြို့နယ်၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် စကစတပ်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး မိုင်းများလည်းပေါက်ကွဲခဲ့ရာ စကစမှ ၁၀ ဦး သေဆုံးခဲ့ပြီး ၃ ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ကချင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ တန်ဂျားကျေးရွာတွင် အင်အား(၁၀၀)ခန့် တပ်စွဲထားသည့် စကစ တပ်သားများမှ ဒေသခံပြည်သူများကို အပြင်ထွက်လျှင် ပစ်သတ်မည်ဟု ခြိမ်းခြောက်ပြောဆိုနေကြောင်း သိရသည်။

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ကရိတ်-မြဝတီ ဆက်သွယ်ထားသည့် အာရှလမ်းမ တောနော်ရေတံခွန်အနီး၌ စကစတပ်ဖွဲ့ဝင်များသည် ဂိတ်များချ၍ ဖြတ်သန်း သွားလာသည့် ကားများကိုတားကာ ကားပေါ်မှပါလာသည့် ပြည်သူများ၏ ဖုန်းများ၊ ငွေများကို လုယူလျက်ရှိကြောင်း သိရသည်။

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့၊ အရှေ့ဖက်ခြမ်း KNPP အမှတ် (၁) ခရိုင်အတွင်း စကစ၏ (၃၆၀) အမြောက်တပ်မှ လက်နက်ကြီးများ ပစ်ခတ်ခဲ့မှုကြောင့် ဒေါတမြေးရွာနေ ၁၂ နှစ်အရွယ် ကလေးငယ် ၁ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ ကရင်နီ(ကယား)ပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်အတွင်းသို့ စကစမှ လေယာဥ် (၂) စင်းဖြင့် (၉) ကြိမ်ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၂)ရက်နေ့ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ဘုဘကျေးရွာတွင် ဆိုင်ကယ်ဝပ်ရှော့ လုပ်ကိုင်နေသော ပြည်သူ (၂) ဦးကို စကစ တပ်သားများနှင့် တောပုကျေးရွာမှ ပျူစောထီးများက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်၍ ဘုဘကျေးရွာကို မွှေနှောက်ဖျက်ဆီးသွားခဲ့သည်။

ရှမ်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ရှမ်းပြည်နယ်၊ ရွှာင်မြို့နယ်၊ လွှစင်ကျေးရွာသို့ စကစ ကား (၃) စီးရောက်ရှိ လာပြီး ပြည်သူ့နေအိမ်များအား မီးရှို့ဖျက်ဆီးရာ နေအိမ် ၂ လုံး မီးလောင်ပျက်စီးကာ ရွာသားများ ရှောင်တိမ်းနေရကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ရှမ်းပြည်နယ်၊ ရွှာင်မြို့နယ်၊ နွားဘန်းကြီးရွာ၌ ရှောင်တိမ်းနေရသည့် CDM ဆရာမ ၁ ဦး၏နေအိမ်ကို စကစမှမီးရှို့ခဲ့ပြီး၊ အနီးအနားရွာများ၌ အပြစ်မဲ့ပြည်သူ အများအပြားကို PDF အမည်တပ်၍ လိုက်လံဖမ်းဆီးနေကြောင်း သိရသည်။

ရန်ကုန်တိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၃)ရက်နေ့ ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ အဝင်ဂိတ်တွင် စကစမှ ပြည်သူ ၂ ဦးကို အကြောင်းမဲ့ ပစ်ခတ်ဖမ်းဆီးခဲ့ရာ ၁ ဦးသေဆုံးသွားကြောင်း သိရသည်။

ဧရာဝတီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ပုသိမ်မြို့တစ်ဘက်ကမ်း အမှတ် ၁၀ ရပ်ကွက်ရှိ ဦးသန်းမြင့်၏နေအိမ်ကို စကစတပ်များက ဝိုင်းခဲ့ပြီး ဦးသန်းမြင့်ကို မတွေ့ရ၍ ၎င်း၏ဇနီးနှင့် သမီးအပါအဝင် ရပ်ကွက်အတွင်း နေထိုင်သူ ပြည်သူ (၆) ဦး ကိုဖမ်းဆီးသွားကြောင်း သိရသည်။
- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့ ဧရာဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ပုသိမ်မြို့၊ အမှတ် (၆) ရပ်ကွက် ထန်းကုန်းလေးတွင် နေထိုင်သည့် အသက် ၅၄ နှစ်အရွယ် ဦးဝင်းမြင့် ကို ၎င်း၏ သားဖြစ်သူအား ရှာမတွေ့၍ ဖမ်းဆီးသွားကြောင်း သိရသည်။